ဖြစ်၏၊ ထို အာထိပ်ကို လျှာဖျား၏ အတွင်းနဲနဲကျသော အရပ်ဖြင့် ထိကပ်၍ ရွတ်မှသာ အသံပီ၍ နငယ်နှင့် ကွဲပြားသည်၊ ဤကဲ့သို့ သေချာအောင် ဆရာ အစဉ်အဆက် ရွတ်ဖတ်နည်း မရလျှင် ဆရာ့ကိုယ်တိုင်ပင် သရဏဂုံပီဘို့ ခဲယဉ်းလှ၏၊ ရှင်သာမဏေလောင်းအတွက်မှာ ပြောဘွယ် မလိုတော့ပါ။ [ဤသရဏဂုံပေးခါနီး၌ဖြစ်စေ စောစောက သင်ပြခိုက်ဖြစ်စေ ဘုရား တရား အရိယာသံဃာများအကြောင်းကို အတော်အတန် နားလည်အောင် ပြောကြပါလေ။]

**သာမဏေအတု ဖြစ်ရကျိုး။** ။ယခုခေတ်အလိုက် သာမဏေ အစစ်ဖြစ်ဘို့ ခဲယဉ်းနေသော်လည်း သာမဏေအတုကား ဖြစ်ပါပြီ၊ ထို သာမဏေအတုသည် ရှင်သာမဏေများ၏ ကျင့်ဝတ်တို့ကို ရိုသေစွာ စောင့်ထိန်း၍ နေထိုင်ပါမူ လောကမှာလည်း ကဲ့ရဲ့ဘွယ် အပြစ်မရှိပါ၊ နောင်သံသရာမှာလည်း မကောင်းကျိုး မရ, ကောင်းကျိုးသာ ရဘွယ်ရှိပါသည်၊ သာမဏေ အတုကလေးမျှသာ ဖြစ်၍ ပစ်စလက်ခတ် တော်စွာ လျှော်စွာနှင့် သာမဏေ၏ သိက္ခာကို မစောင့်ရှောက်ပါမူကား ဘာသာခြားတို့ အထင်သေးဘွယ်ရာ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို အသရေမဲ့အောင် ပြုရာရောက်သောကြောင့် ယခုဘဝလည်း အပြစ်မကင်း, သံသရာမှာလည်း အပါယ် ၄-ပါး အစာသာ ဖြစ်ရှာတော့မည်။

ထို့ကြောင့် မည်သည့် ဆရာ မိဘမဆို သိက္ခာကို မစောင့်ထိန်းနိုင်သေးသော (စောင့်ထိန်းနိုင်သော်လည်း သဒ္ဒါတရားမရှိသော)ကလေးသူငယ်များကို “သင်္ကန်းချီရလျှင် ပြီးရော” ဆိုတဲ့ သဘောဖြင့် သင်္ကန်းဝတ်ပေးကာ ဗုဒ္ဓမြတ်စွာ၏ အထွတ်